ညောင်ခြေထောက်ကျေးရွာ

ရေခါးကျေးရွာအုပ်စု

တောင်သာမြို့နယ်

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက် (၂၀၂၃ - ၂၀၂၇)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

ညောင်ခြေထောက်ကျေးရွာ ၊ တောင်သာမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး

ဦးစီးဌာနမှကူညီရေးဆွဲသည်)

၂၀၂၂ ခုနှစ် ၊ စက်တင်ဘာ လ

# မာတိကာ


| | | |
|---|---|---|
| စကားချီး | | ၃ |
| ညောင်ခြေထောက်ကျေးရွာ၊ ကျေးရွာသယံဇာတပြမြေပုံ၊တောင်သာမြို့နယ် | | ၄ |
| ၁။ | တည်နေရာနှင့်ပထဝီအနေအထား | ၅ |
| ၂။ | ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ | ၅ |
| ၃။ | ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ | ၅-၆-၇ |
| ၄။ | စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ | ၇ |
| | (က) သီးနှံစိုက်ပျိုးရေး | ၇ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၇ |
| | (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ | ၈ |
| | (ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | ၈ |
| ၅။ | အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ | ၈ |
| | (က) သယ်ယူပို့ဆောင်ရေး | ၈ |
| | (ခ) ကျေးရွာမီးလင်းရေး | ၈ |
| | (ဂ) သတင်းနှင့်ဆက်သွယ်ရေး | ၉ |
| ၆။ | ပညာရေး | ၉ |
| ၇။ | ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး | ၉ |
| ၈။ | ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၀ |
| ၉။ | ကျား-မ ရေးရာကိစ္စရပ်များ | ၁၀ |
| ၁၀။ | ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ | ၁၁ |
| နောက်ဆက်တွဲ | | |
| | နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | ၁၂ |
| | နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ | ၁၃-၆၀ |
| | နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား | ၆၁-၆၃ |
| | နောက်ဆက်တွဲ(၄) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၁) | ၆၄-၆၅ |
| | နောက်ဆက်တွဲ(၅) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၂) | ၆၆-၆၇ |
| | နောက်ဆက်တွဲ(၆) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၃) | ၆၈-၆၉ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၂-၂၀၂၃ ခုဘဏ္ဍာရေးနှစ်မှ ၂၀၂၆-၂၀၂၇ခု ဘဏ္ဍာရေးနှစ်အထိ(၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ ပထမဦးဆုံးသောလူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက်ဖြစ်ပါသည်။ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအားအထူးပင် ကျေးဇူးတင်ရှိပါသည်။အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့ တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင်ကိန်းဂဏန်းနှင့် သတင်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့်ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည်ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု ၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများ၊ လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဤအစီအစဉ်တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် ဦးစားပေးလုပ်ငန်းအစီအစဉ်တို့ပါဝင်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
ညောင်ခြေထောက်ကျေးရွာ ၊ တောင်သာမြို့နယ်

၂၀၂၂ခုနှစ်၊ စက်တင်ဘာ လ

## ၁. တောင်သာမြို့နယ် ရေခါးအုပ်စုညောင်ခြေထောက်ကျေးရွာ၏သယံဇာတပြမြေပုံ



## ၁။ တည်နေရာနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ညောင်ခြေထောက်ကျေးရွာသည်မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်တွင် ပါဝင်သော ကျေးရွာတစ်ရွာဖြစ်ပြီးတောင်သာမြို့၏ တောင်ဘက်(၁၆)မိုင်ခန့်တွင် တည်ရှိပါသည်။ကျေးရွာ၏ အရှေ့ဘက်တွင်မလှိုင်မြို့နယ်မှဖန်းခါးပင်ကျေးရွာ အနောက်ဘက်တွင် နဘူးကျင်းကျေးရွာ၊ မြောက်ဘက်တွင်ချောင်းဝင်ကျေးရွာနှင့်တောင်ဘက်တွင် သပွတ်ကုန်းကျေးရွာတို့နှင့်နယ်နိမိတ်ချင်း ထိစပ်လျှက်ရှိပါသည်။ညောင်ခြေထောက်ကျေးရွာ၏ အကျယ်အဝန်းမှာ (၅၀)ကေခန့် ကျယ်ဝန်းပြီး အနီးဆုံးမြို့မှာမလှိုင်မြို့ ဖြစ်ပါသည်။ညောင်ခြေထောက်ကျေးရွာသည် တောင်သာမိတ္ထီလာလမ်းမကြီး၏အနောက်ဘက်(၃)မိုင်ခန့်အကွာတွင်တည်ရှိပါသည်။ညောင်ခြေထောက်ကျေးရွာသည် တောင်သာမြို့နှင့် တောင်သာ-မိတ္ထီလာလမ်းမကြီးမှာ ကတ္တရာလမ်းဖြင့် (၁၃)မိုင်ခန့်နှင့်တောင်သာ-မိတ္ထီလာလမ်းမကြီး၏အနောက်ဘက်(၂)မိုင်(၄)ဖာလုံမှာ ကတ္တရာလမ်းဖြစ်ပြီး ကျန်(၄)ဖာလုံမှာ ဂျင်းလမ်းဖြစ်ပြီး အချိန်မရွေးသွားလာမှု လွယ်ကူပါသည်။ညောင်ခြေထောက်ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သော ကျေးရွာဖြစ်ပြီး ကျေးရွာပတ်ဝန်းကျင်ရှိ ယာမြေများမှာမြေဆီမြေသြဇာသင့်တင့်ကောင်းမွန်သောယာမြေများ ဖြစ်ပါသည်။

## ၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

ညောင်ခြေထောက်ကျေးရွာ၏ ရာသီဥတုအနေအထားမှာသာမန်အားဖြင့် နွေရာသီတွင် အပူချိန်၄၁ံ၎ရှိတက်ပါသည်။ယခုနှစ်မိုးရာသီတွင်မိုးရွာသွန်းမှုအသင့်အတင့်ရှိသည်။စိုက်ပျိုးရေးအတွက် မိုးရွာသွန်းမှုကိုမှီခို၍ စိုက်ပျိုးကြသည်။ မိုးရွာသွန်းမှုသင့်တင့်သောကြောင့် သီးနှံအထွက်နှုန်းမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ယာမြေ၊တောင်ယာမြေ စုစုပေါင်း ကေ(၉၀၁.၅)ကေ ရှိပါသည်။ မိုးရာသီတွင် အဓိကစိုက်ပျိုးသီးနှံများမှာ နှမ်း၊ မြေပဲ၊ ဝါ၊ ထောပတ်ပဲ၊ ပဲနောက်၊ နေကြာ ပဲစင်ငုံနှင့်ပြောင်းများဖြစ်ပါသည်။ညောင်ခြေထောက်ကျေးရွာတွင် သတ္တုနှင့်အခြားတွင်းထွက်များ မထွက်ရှိပါ။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် နှမ်း၊ မြေပဲ၊ ဝါ၊ ထောပတ်ပဲ၊ ပဲနောက်၊ နေကြာ ပဲစင်ငုံနှင့်ပြောင်းများ အဓိကစိုက်ပျိုးကြသည်။သီးနှံများမှာ မိုးရွာသွန်းမှုအပေါ်မှီခို၍စိုက်ပျိုးကြသည်။ စိုက်ပျိုးရေးဦးစီးဌာနမှနည်းပညာဝန်ဆောင်မှုများ ရရှိနိုင်ကြသည်။ကျေးရွာတွင် မွေးမြူရေးကဏ္ဍအနေဖြင့် လယ်ယာလုပ်ငန်းတွင်အသုံးပြုရန်အတွက်နွားကိုအဓိကထား မွေးမြူကြသည်။ တစ်ပိုင်တစ်နိုင်စီးပွားရေးအနေဖြင့် နွား၊ ဆိတ်၊ ဝက် နှင့် ကြက် မျိုးစိတ်များကိုမွေးမြူကြပါသည်။ ကျေးရွာတွင်

အလုပ်လုပ်နိုင်သော လူဦးရေအများအပြား ရှိပါသည်။ဆောက်လုပ်ရေးလုပ်ငန်းများဖြစ်သော လက်သမား၊ ပန်းရံလုပ်ငန်းလုပ်ကိုင်သူများနှင့် ပြည်ပသို့သွားရောက်လုပ်ကိုင်သူများရှိပါသည်။ ကျေးရွာတွင်စာသင်းကျောင်းမရှိပါ။မူလတန်းနှင့်အလယ်တန်းပညာကိုကျေးရွာ၏ တောင်ဘက်ရှိ မလှိုင်မြို့နယ်မှ သပွတ်ကုန်းကျေးရွာအလယ်တန်းကျောင်းတွင် ပညာသင်ကြားကြပါသည်။ အထက်တန်းပညာကို ကျေးရွာနှင့်(၆)မိုင်ဝေးသောမလှိုင်မြို့သို့ သွားရောက်သင်ယူကြပါသည်။ မူလတန်းကျောင်း တက်နှုန်းလည်း မြင့်မားပါသည်။ ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းရှိ သော်လည်း ကျန်းမာရေးဝန်ထမ်းမရှိပါသဖြင့်ကျေးရွာနှင့်(၂)မိုင်ခန့်ဝေးသောတိုက်နယ်ဆေးရုံ ရုံးစည်းကြီးကျေးရွာသို့ အခြေခံကျန်းမားရေး စောင့်ရှောက်မှုများကို သွားရောက်ကုသကြပြီး အရေးပေါ်နှင့်ရောဂါကြီးများကိုကျေးရွာနှင့်(၆)မိုင်ဝေးသောမလှိုင်မြို့ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကုသကြပါသည်။ကျေးရွာတွင်အများပိုင် အဝီစိစက်တပ်ရေတွင်း(၁)တွင်း၊ မိုးရေသိုလှောင်ကန် (၁၀၁)ကန်နှင့်မြေသားရေကန်အောက်မှရေတွင်း(၁)တွင်းရှိပါသည်။စက်ရေတွင်း(၁)တွင်းမှာ အသင့်အတင့်ကောင်းမွန်သောကြောင့်သုံးရေအဖြစ်အသုံးပြုကြပါသည်။မိုရေလှောင်ကန်မရှိသော အိမ်ထောင်စုများနှင့် မြေသားရေကန်အောက်မှရေတွင်း(၁)တွင်းမှာ ရေ မရှိသည့်အခါ တချို့ အိမ်ထောင်စုများမှာ စက်ရေတွင်းမှရေအား သောက်ရေအဖြစ်အသုံးပြုကြပါသည်။ သောက်ရေ အတွက်အိမ်ထောင်စုအများစုမှာမြေသားရေကန်အောက်မှရေတွင်း(၁)တွင်းမှရေ၊မိုးရေလှောင် ကန်မှရေနှင့်ရေသန့်ဝယ်ယူ သုံးသောက်ကြပါသည်။ရေတွင်းမှာ နွေး၊မိုး၊ဆောင် လုံလောက်မှုရှိပြီး သောက်ရေအတွက်လုံလောက်မှုမရှိပါ။ရေအရည်အသွေးစစ်ဆေးခြင်းကိုမူစစ်ဆေးရခြင်းမရှိသေး ပါ။ကျေးရွာတွင်ယင်လုံအိမ်သာသုံးစွဲမှုအနေဖြင့်အိမ်ထောင်စု(၁၈၂)စု၊အိမ်သာမရှိသောအိမ်ထောင် စု(၁၈)စုရှိပါသည်။ညောင်ခြေထောက်ကျေးရွာသည် တောင်သာ-မိတ္ထီလာလမ်းမကြီး၏ အနောက် ဘက်(၃)မိုင်ခန့်အကွာတွင်တည်ရှိပါသည်။ညောင်ခြေထောက်ကျေးရွာသည် တောင်သာမြို့နှင့် တောင်သာ-မိတ္ထီလာလမ်းမကြီးမှာကတ္တရာလမ်းဖြင့်(၁၃)မိုင်ခန့်နှင့်တောင်သာ-မိတ္ထီလာလမ်းမ ကြီး၏ အနောက်ဘက်(၂)မိုင်(၄)ဖာလုံမှာ ကတ္တရာလမ်း ဖြစ်ပြီး ကျန်(၄)ဖာလုံမှာဂျင်းလမ်းဖြစ်ပြီး အချိန်မရွေးသွားလာမှုလွယ်ကူပါသည်။ညောင်ခြေထောက် ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သော ကျေးရွာဖြစ်ပြီး ကျေးရွာပတ်ဝန်းကျင်ရှိ ယာမြေများမှာ မြေဆီမြေဩဇာ သင့်တင့်ကောင်းမွန်သောယာမြေများဖြစ်ပါသည်။ကျေးရွာတွင်လူမှုရေးကိုအခြေခံ၍ ဖွဲ့စည်းထား သော ပရဟိတအဖွဲ့အစည်း(၃)ဖွဲ့ နှင့် ဘာသာရေးကိုအခြေခံ၍ ဖွဲ့စည်းထားသောဓမ္မာစကြာအဖွဲ့ စုစုပေါင်း(၄)ဖွဲ့ရှိပါသည်။၄င်းအဖွဲ့သည် ကျေးရွာ၏ သာရေး၊ နာရေး၊ဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်လျှက် ရှိပါသည်။ ကျေးရွာမှာ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ အသင့်အတင့်ရှိကြသည်။ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုတွင်အုပ်ချုပ်ရေးမှူး၊ရွာခွဲတာဝန်ခံ

နှင့် ကျေးရွာရပ်မိရပ်ဖများ၊ကျေးရွာဖွံ့ဖြိုးရေးကော်မတီများနှင့်ပူးပေါင်းညှိနှိုင်း၍ ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် စီမံဆောင်ရွက်စေခြင်း၊ ပညာရေးဆိုင်ရာလုပ်ငန်းများတွင် စာသင်ကျောင်း၏ အကျိုးတော်ဆောင်ကော်မတီများဖွဲ့စည်း၍ စီမံဆောင်ရွက်စေခြင်း၊သာရေး၊နာရေး လုပ်ငန်းများ တွင် သုံးစွဲနိုင်ရန်အတွက် ကျေးရွာပိုင်ပစ္စည်းများ ထိန်းသိမ်းခြင်း၊ကျေးရွာရန်ပုံငွေ ရှာဖွေခြင်းများ လုပ်ဆောင်နိုင်ရန်အတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီများ ဖွဲ့စည်း၍ စီမံခန့်ခွဲ စေခြင်း၊ လူငယ်အဖွဲ့များ ၊အမျိုးသမီးအဖွဲ့များမှ စီမံခန့်ခွဲဆောင်ရွက်စေခြင်း စသောဖွံ့ဖြိုးရေး ဆိုင်ရာစီမံခန့်ခွဲမှုများတွင်အဖွဲ့အစည်းအလိုက်တာဝန်ပေးအပ်၍လုပ်ကိုင် ဆောင်ရွက်ကြပါသည်။

## ၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) **သီးနှံစိုက်ပျိုးရေး။** ။ကျေးရွာတွင် နှမ်း၊ မြေပဲ၊ ဝါ၊ ထောပတ်ပဲ၊ ပဲနောက်၊ နေကြာ၊ပဲစင်ငုံနှင့်ပြောင်းများကိုအဓိကစိုက်ပျိုးကြသည်။သီးနှံများမှာ မိုးရွာသွန်းမှု အပေါ်မှီခို၍စိုက်ပျိုးကြသည်။စိုက်ပျိုးရေး ဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ ရရှိနိုင်ကြသည်။ယခုနှစ်တွင် စိုက်ပျိုးမြေ အရည်အသွေးသင့်တင့် ကောင်းမွန်သော ကြောင့် မိုးရွာသွန်းမှု အသင့်အတင့် ကောင်းမွန်သောကြောင့် သီးနှံအထွက်နှုန်းမှာ လည်း အသင့်အတင့် ကောင်းမွန်ပါသည်။လယ်ယာလုပ်ငန်းကို အဓိကထား စိုက်ပျိုးသည့်ကျေးရွာဖြစ်သည့်အတွက် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးရန် စိုက်ပျိုးရေးနည်းပညာ သင်တန်းများဖွင့်လှစ်ပေးရန်လိုအပ်သည်။

(ခ) **မွေးမြူရေးလုပ်ငန်း။** ။ကျေးရွာတွင် မွေးမြူရေးကဏ္ဍအနေဖြင့်လယ်ယာ လုပ်ငန်းတွင်အသုံးပြုရန်အတွက်နွားကိုအဓိကထားမွေးမြူကြသည်။ ကျေးရွာတွင် တစ်ပိုင်တစ်နိုင် မွေးမြူရေးကဏ္ဍအနေဖြင့် တစ်ချို့အိမ်ထောင်စုများမှာ ဆိတ်၊ ဝက်နှင့် ကြက်များကိုမွေးမြူကြပါသည်။ ကျေးရွာတွင်တစ်ပိုင်တစ်နိုင် မွေးမြူရေး ကဏ္ဍအနေဖြင့် စီးပွားဖြစ်မွေးမြူနိုင်ပါက စီးပွားရေးပိုမိုအဆင်ပြေလာနိုင်ပါသည်။ တိရစ္ဆာန်များမှာရာသီအလိုက်ဖြစ်တက်သောရောဂါများကြောင့်လည်း သေဆုံးမှု များရှိတက်သည်။သို့ဖြစ်ပါ၍ တိရစ္ဆာန်ကာကွယ်ဆေးပုံမှန် ထိုးပေးရန် လိုအပ် ပါသည်။

(ဂ) **စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ။** ။စိုက်ပျိုးမွေးမြူရေး မရှိသောသူအများစုမှာ ပြည်ပသို့သွားရောက်လုပ်ကိုင်ခြင်း၊တောင်သူနေ့စား၊ ဈေးရောင်းနှင့်ပန်းရံလုပ်ငန်းများ လုပ်ကိုင်ကြသည်။ ဆောက်လုပ်ရေးလုပ်ငန်းများတွင် လုပ်ကိုင်နေကြသော်လည်း ကျွမ်းကျင်မှုအားနည်းကြသည်။လျှပ်စစ်မီးမရရှိသောကြောင့် အသက်မွေးဝမ်းကြောင်း နည်းပညာဝန်ဆောင်မှုများမရှိခြင်း၊ အသက်မွေးဝမ်းကြောင်းပြုသော ပညာကို ကျွမ်းကျင်စွာတတ်မြောက်မှုမရှိခြင်း ကြောင့် အသက်မွေးဝမ်းကြောင်း သင်တန်းများ ဖွင့်လှစ်ပေးရန် လိုအပ်ပါသည်။

(ဃ) **ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု။** ။ညောင်ခြေထောက်ကျေးရွာရှိတောင်သူ အချို့မှာ Tu Tu Finance၊ စထာပန နှင့် Pact Myanmarတို့မှ ချေးငွေရရှိကြသည်။ စိုက်စရိတ်ချေးငွေမလုံလောက်ခြင်းနှင့်ထုတ်ချေးသည့်အချိန်နှင့်သီးနှံစိုက်ပျိုးသည့် အချိန်မကိုက်ညီခြင်းစသည့် အခက်အခဲများရှိသည်။

**အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

(က) **ကျေးလက်သယ်ယူပို့ဆောင်ရေး။** ။ညောင်ခြေထောက်ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးအတွက်မော်တော်ဆိုင်ကယ်နှင့်ကားများကိုအသုံးပြုကြပြီးလယ်တောထုတ်ကုန်များကိုမူနွားလှည်း၊ထွန်းစက်များဖြင့်သယ်ယူကြသည်။ညောင်ခြေထောက် ကျေးရွာသည် တောင်သာ-မိတ္ထီလာလမ်းမကြီး၏အနောက်ဘက်(၃)မိုင်ခန့် အကွာတွင်တည်ရှိပါသည်။ညောင်ခြေထောက်ကျေးရွာသည်တောင်သာမြို့နှင့်တောင်သာ -မိတ္ထီလာလမ်းမကြီးမှာ ကတ္တရာလမ်းဖြင့်(၁၃)မိုင်ခန့်နှင့် တောင်သာ-မိတ္ထီလာ လမ်းမကြီး၏အနောက်ဘက်(၂)မိုင်(၄)ဖာလုံမှာကတ္တရာလမ်းဖြစ်ပြီးကျန်(၄)ဖာလုံ မှာ ဂျင်းလမ်းဖြစ်ပြီး အချိန်မရွေးသွားလာမှုလွယ်ကူပါသည်။

(ခ) **ကျေးရွာမီးလင်းရေး။** ။ညောင်ခြေထောက်ကျေးရွာသည် လျှပ်စစ်မီးအသုံးပြုနိုင်ပါသည်။မဟာဓာတ်အားလိုင်းအသုံးပြုသောအိမ်ထောင်စု(၁၈၁)စုနှင့် ဆိုလာစနစ်ကို အသုံးပြုသောအိမ်ထောင်စု(၁၉)စုဖြင့် မီးလင်းရေးကို သုံးစွဲလျှက်ရှိပါသည်။ဆိုလာစနစ်အသုံးပြုသောအိမ်ထောင်စုများမှ မဟာဓာတ်အားလိုင်း မှ မီးသုံးစွဲရန် ကုန်ကျငွေအား မတတ်နိုင်သောကြောင့် ဆိုလာစနစ်ကိုသာ အသုံးပြုရပါသည်။

(ဂ) **သတင်းနှင့်ဆက်သွယ်ရေး။** ။ညောင်ခြေထောက်ကျေးရွာတွင်ဖုန်းတိုင်များ ကျေးရွာအနီးတွင်ရှိသောကြောင့်ဆက်သွယ်ရေးဆိုင်ရာကောင်းမွန်ပါသည်။လျှပ်စစ်မီး ရရှိသောကြောင့် TV၊ စလောင်းမှ ဗဟုသုတ အစီအစဉ်များလည်း ကြည့်ရှုနိုင်ကြသည်။

## ၆။ ပညာရေး

ကျေးရွာတွင်စာသင်းကျောင်းမရှိပါ။ မူလတန်းနှင့် အလယ်တန်းပညာကို ကျေးရွာ၏ တောင်ဘက်ရှိ မလှိုင်မြို့နယ်မှ သပွတ်ကုန်းကျေးရွာအလယ်တန်းကျောင်းတွင် ပညာသင်ကြားကြပါသည်။အထက်တန်းပညာကို ကျေးရွာနှင့်(၆)မိုင်ဝေးသောမလှိုင်မြို့သို့ သွားရောက် သင်ယူကြပါသည်။ မူလတန်းကျောင်းတက်နှုန်းလည်း မြင့်မားပါသည်။ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုယ်သို့ တက်ရောက်နိုင်ရန်အတွက် ငွေကြေး အခက်အခဲများကြောင့် တက်ရောက်နိုင်သူနည်းပါးပါသည်။

## ၇။ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းရှိသော်လည်း ကျန်းမာရေးဝန်ထမ်း မရှိပါသဖြင့် ကျေးရွာနှင့်(၂)မိုင်ခန့်ဝေးသောတိုက်နယ်ဆေးရုံ ရုံးစည်းကြီးကျေးရွာသို့ အခြေခံကျန်းမားရေးစောင့်ရှောက်မှုများကို သွားရောက်ကုသကြပြီး အရေးပေါ်နှင့်ရောဂါကြီးများကို ကျေးရွာနှင့်(၆)မိုင်ဝေးသောမလှိုင်မြို့ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကုသကြပါသည်။ကျေးရွာတွင် အများပိုင်အဝီစိစက်တပ်ရေတွင်း(၁)တွင်းမိုးရေသိုလှောင်ကန် (၁၀၁)ကန်နှင့် မြေသားရေကန်အောက်မှရေတွင်း(၁)တွင်းရှိပါသည်။စက်ရေတွင်း(၁)တွင်းမှာ အသင့်အတင့်ကောင်းမွန်သောကြောင့် သုံးရေအဖြစ် အသုံးပြုကြပါသည်။မိုရေလှောင်ကန်မရှိသော အိမ်ထောင်စုများနှင့် မြေသားရေကန်အောက်မှရေတွင်း(၁)တွင်းမှာ ရေ မရှိသည့်အခါ တချို့အိမ်ထောင်စုများမှာ စက်ရေတွင်းမှရေအား သောက်ရေအဖြစ်အသုံးပြုကြပါသည်။သောက်ရေအတွက် အိမ်ထောင်စုအများစုမှာမြေသားရေကန်အောက်မှရေတွင်း(၁)တွင်းမှရေ၊မိုးရေလှောင် ကန်မှရေနှင့် ရေသန့်ဝယ်ယူ သုံးသောက်ကြပါသည်။ရေတွင်းမှာ သုံးရေအတွက် နွေး၊မိုး၊ဆောင် လုံလောက်မှုရှိပြီး သောက်ရေအတွက် လုံလောက်မှုမရှိပါ။ ရေအရည်အသွေးစစ်ဆေးခြင်းကိုမူစစ်ဆေးရခြင်း မရှိသေးပါ။ ကျေးရွာတွင် ယင်လုံအိမ်သာသုံးစွဲမှုအနေဖြင့်အိမ်ထောင်စု(၁၈၂)စု၊ အိမ်သာမရှိသော အိမ်ထောင်စု(၁၈)စုရှိပါ သည်။

## ၈။ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ညောင်ခြေထောက်ကျေးရွာရှိစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်ခြင်းကြောင့်ပိုးသတ်ဆေးနှင့် ဓာတုမြေသြဇာများ သုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည့်။စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်းပလက်စတစ်အိတ်၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကျသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအသိပညာပေးလုပ်ငန်းများ မြှင့်တင် ဆောင်ရွက်ပေးသင့်သည်။ ကျေးရွာတွင်အပူချိန်မြင့်မား၍မိုးခေါင်ခြင်းတို့ကြောင့် စိုက်ပျိုးရေရှားပါးမှုနှင့် ကြုံတွေ့ရပြီး လေပြင်းများတိုက်ခတ်ခြင်း၊မိုးသီးများကြွေကျခြင်း၊ မိုးသည်းထန်စွာရွာသွန်းနိုင်ခြင်း တို့ကြောင့်လူနေအိမ်များပျက်စီးနိုင်ခြင်း၊ စိုက်ပျိုးသီးနှံများဆုံးရှုံးနိုင်ခြင်းစသော ဘေးအန္တရာယ်များလည်း ဖြစ်ပေါ်လာနိုင်ပါသည်။သို့ပါ၍ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားသင့်ပါသည်။

## ၉။ ကျား–မ ရေးရာကိစ္စရပ်များ

ညောင်ခြေထောက်ကျေးရွာတွင် ကျား–မရေးရာကိစ္စဆိုင်ရာ အနေအထားမှာလွတ်လပ်မှုရှိသည်။ကျား – မ ရေးရာဆိုင်ရာတာဝန်ယူမှုအပိုင်းတွင်မူ ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားမှုမရှိ၍ ဆောင်ရွက်နိုင်မှုအားနည်းကြသည်။ကျေးရွာတွင်ကျားနှင့်မ အကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့်ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။ ကျေးရွာတွင်အမျိုးသား၊အမျိုးသမီးများသည်သာမန်အားဖြင့် ပညာရေးနှင့်အခြားနယ်ပယ်များတွင် အခွင့်အရေး တူညီစွာရရှိသည်ဟုယေဘုယျပြောနိုင်ပါသည်။

ညောင်ခြေထောက်ကျေးရွာတွင် ဓမ္မာစကြာအဖွဲ့(၁)ဖွဲ့ရှိပြီးနှစ်စဉ်ဝါတွင်းကာလ လပြည့်လကွယ်နေ့များတွင် သံဃာဆွမ်းလောင်းခြင်း၊ ဓမ္မာစကြာရွတ်ဖတ်ပူဇော်ခြင်း၊ပဋ္ဌာန်းဒေသနာများရွတ်ဆို ပူဇော်ကြပါသည်။ သီးတင်းကျွတ်လတွင် ကျေးရွာဘုရားပွဲရှိ၍ ဆွမ်းလောင်းလှူကြသည်။ ကျေးရွာရှိပညာရေး၊ ကျန်းမာရေးလုပ်ငန်းများတွင် အမျိုးသားများနှင့်တန်းတူရင် ဘောင်တန်း၍ ပူးပေါင်း ဆောင်ရွက်ကြပါသည်။

စိုက်ပျိုးရေးတွင်လုပ်ကိုင်ကြသောအမျိုးသားများ၏ ပျှမ်းမျှတစ်ရက်အများဆုံးလုပ်အားခမှာ (၄၀၀၀ိ/–) ကျပ်နှင့် အမျိုးသမီးများအတွက်လုပ်အားခ(၃၅၀၀ိ/–)ရရှိပြီး အမျိုးသားများအတွက် အနည်းဆုံးလုပ်အားခ(၃၀၀၀ိ/–) နှင့်အမျိုးသမီးများအတွက် (၂၅၀၀ိ/–)ရရှိပါသည်။ ဆောက်လုပ်ရေး လုပ်ငန်းများတွင် ကျွမ်းကျင်သောလက်သမား၊ ပန်းရံလုပ်သားများအတွက် လုပ်အားခ(၁၀၀၀ိ/–) ရရှိပြီးနောက်လိုက်လုပ်သားအတွက်လုပ်အားခ(၅၀၀၀ိ/–)နှင့် အမျိုးသမီးများအတွက်လုပ်အားခ (၅၀၀၀ိ/–) ရရှိပါသည်။နေ့တွက်လုပ်အားခများတွင်အမျိုးသားများက အမျိုးသမီးများထက် လုပ်အားခ ပိုမိုရရှိကြသည်။

### ၅. ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

| စဉ် | စီမံချက်အမည် | ဦးစားပေး<br>အဆင့် |
| --- | --- | --- |
| ၁ | ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း | ၁ |
| ၂ | ကုန်ထုတ်လမ်းခင်းခြင်း | ၂ |
| ၃ | ဆေးပေးခန်းခြံစည်းရိုးနှင့်အိမ်သာတည်ဆောက်ခြင်း | ၃ |
| ၄ | အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ခြင်း | ၄ |
| ၅ | ရင်းနှီးရန်ပုံငွေ(မြစိမ်းရောင်စီမံကိန်း၊ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း) | ၅ |

နောက်ဆက်တွဲ (၁)

## ညောင်ခြေထောက်ကျေးရွာ ၊ ရေခါးကျေးရွာအုပ်စုကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးတင်ညွန့် | ဦးငယ်တာ | ၉/တသန(နိုင်)၀၁၅၂၁၁ | ၅၇ | ဥက္ကဋ္ဌ | ၀၉-၂၅၉၅၁၈၆၇၁ |
| ၂ | ဦးစိုးရွှေ | ဦးလှအောင် | ၉/တသန(နိုင်)၀၁၅၅၁၃ | ၅၃ | ဝယ်ယူရေးဥက္ကဋ္ဌ | - |
| ၃ | ဦးစိုးကြည် | ဦးအောင်မြင့် | ၉/တသန(နိုင်)၀၁၅၂၆၀ | ၆၀ | ဘဏ္ဍာရေးမှူး | ၀၉-၄၅၀၄၈၂၃၀၁ |
| ၄ | ဒေါ်အိမွန်ဖြိုး | ဦးအေးကို | ၉/တသန(နိုင်)၂၆၀၆၉၂ | ၂၀ | စာရင်းကိုင် | ၀၉-၈၉၀၆၈၅၂၆၆ |
| ၅ | ဦးလွန်မြိုင် | ဦးဆင်ပေါက် | ၉/တသန(နိုင်)၁၀၃၅၄၂ | ၄၆ | အဖွဲ့ဝင် | ၀၉-၂၅၆၅၉၄၄၅၃ |
| ၆ | ဒေါ်အိပိုပိုအောင် | ဦးအောင်ဆန်းမြင့် | ၉/တသန(နိုင်)၂၄၇၈၀၆ | ၂၀ | အဖွဲ့ဝင် | ၀၉-၆၆၇၄၀၀၃၆၁ |
| ၇ | ဒေါ်မြငွေး | ဦးလှသောင်း | ၉/တသန(နိုင်)၁၁၁၂၅၅ | ၄၅ | အတွင်းရေးမှူး | ၀၉-၄၅၃၅၀၀၀၁၂ |

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁ | ၂ | ၃ | | |
| ၁ နှစ်မှ ၄ နှစ် | ၅နှစ်အောက်ကလေးငယ် | ၁၃ | ၇ | ၂၀ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၃၂ | ၁၆ | ၄၈ | | ၁ |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၃၉ | ၂၅ | ၆၄ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၃၀ | ၃၀၂ | ၅၃၂ | ၃ | ၅ |
| ၆၅ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁၂ | ၁၈ | ၃၀ | ၂ | ၁ |
| စုစုပေါင်း | | ၃၂၇ | ၃၇၀ | ၆၉၇ | ၅ | ၇ |
| စုစုပေါင်း အိမ်ထောင်စု | | ၂၀၀ | | | | |

ရင်းမြစ်…(၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊(၂)ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက်(၁)နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ် ဆိုသည်မှာ အသက် (၁)နှစ်ပြည့်အရွယ်မှ (၅)နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာ အသက်(၅)နှစ်ပြည့်သည်မှအသက်(၁၀)နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာ အသက်(၁၀) နှစ်ပြည့်သည်မှ အသက်(၁၅)နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ် ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့် သည်မှ အသက်(၆၅)နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာ အသက်(၆၅)နှစ်ပြည့် အရွယ် နှင့်၎င်းထက်အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။**

လေ့လာတွေ့ရှိချက်။ ။ညောင်ခြေထောက်ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၂၀၀)စုရှိ၍ လူဦးရေမှာ ကျား(၃၂၇)ဦး နှင့် မ(၃၇၀)ဦး စုစုပေါင်း(၆၉၇)ဦးရှိပါသည်။တစ်အိမ်ထောင်ပျှမ်းမျှလူဦးရေမှာ (၃.၄)ဦး ဖြစ်သဖြင့်နိုင်ငံတကာလူဦးရေနှင့်နှိုင်းယှဉ်လျှင် ဖွံ့ဖြိုးမှုသင့်တင့်ပါသည်။တစ်နှစ်အောက်ကလေး ငယ်မှာ (၀.၄၃%)၊၁နှစ်မှ၃နှစ်အထိ(၂.၈%)၊၅နှစ်မှ၉နှစ်အထိ(၆.၈%)၊၁၀နှစ်မှ၁၄နှစ်အထိ(၉.၁%)၊၁၅နှစ်မှ၆၄နှစ် အထိ(၇၆.၃%)နှင့်၆၅နှစ်နှင့်အထက်(၄.၃%)ဖြစ်ပါသည်။၁၅နှစ်မှ၆၄နှစ်အထိအလုပ်လုပ်နိုင်သည့်အရွယ် ရာခိုင်နှုန်းမှာ (၇၆.၃%) ဖြစ်သဖြင့် ညောင်ခြေထောက်ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေများ ရှိပါသည်။အလုပ်လုပ်နိုင်သောအရွယ်တွင် ပြည်တွင်းပြည်ပသို့ သွားရောက် လုပ်ကိုင်နေသူ များလည်း ပါဝင်ပါသည်။

(ခ)အလုပ်လုပ်နိုင်သူအင်အား

(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြား ဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခု ကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၄၃ | ၃၅၇ | ၃၆ | ၁၅၆ | ၂၀၁ | ၄၆ | မြင့် ☑ လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅၂ | ၁၃၂ | ၁၇ | ၅၈ | ၇၄ | ၂၇ | မြင့် ☐ လတ်☑နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၂ | - | ၁ | ၁ | | မြင့် ☐ လတ်☐နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | | | | | | | မြင့် လတ်☐နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၅ | - | ၄ | ၁ | ၂ | မြင့် ☐<br>လတ်☐နိမ့် ☑ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြား ဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၁ | လက်လီ-လက်ကား ရောင်းဝယ်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၄ | - | ၂ | ၂ | ၃ | မြင့် ☐ လတ်☐နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့်ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြား ဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခု ကိုသာ ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | | | | | | | မြင့် မြင့် ☐<br>လတ်☐နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက်အလုပ်သမား | | | | | | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | | | | | | | မြင့် ☑ လတ်☐နိမ့် ☐ |
| | **စုစုပေါင်း** | ၂၀၀ | ၅၀၀ | ၅၃ | ၂၂၁ | ၂၇၉ | ၇၈ | ☒ |

ရင်းမြစ်**…**(၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။‘‘**အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ**’’အရေအတွက်တွင် ‘‘ **မိသားစုဝင်လုပ်အား**’’ ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ ‘‘ **ရပ်တည်နိုင်မှု(နိမ့်၊လတ် ၊ မြင့်)**’’ ဆိုသည်မှာ ဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ(သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်း အဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု၊ဝင်ငွေစသည့် အခြေအနေကိုဆိုလိုပါသည်။ ဥပမာ –‘‘ **စိုက်ပျိုးရေးကဏ္ဍ** ’’၏ ‘‘ **ကိုယ်ပိုင်လုပ်ငန်း** ’’တွင်ရပ်တည်နိုင်မှု‘‘ **မြင့်** ’’ ဆိုပါကအဆိုပါလုပ်ငန်းတွင်ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်း များနေသည် ဝင်ငွေကောင်းနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ညောင်ခြေထောက်ကျေးရွာတွင် အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး မွေးမြူရေးလုပ်ငန်းကိုလည်းတစ်ပိုင်းတစ်နိုင်မွေးမြူကြပါသည်။ အခြားလုပ်ငန်းများမှာရောင်းဝယ်ရေး၊ပြည်ပသို့သွားရောက်လုပ်ကိုင်ခြင်း၊ပန်းရံလုပ်ငန်းနှင့်အများစုမှာကြုံရာကျပန်းလုပ်ငန်းများကို လုပ်ကိုင်ကြပါသည် ကိုလေ့လာတွေ့ရှိရပါသည်။

## (ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား(၃)လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၂၅၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ငေ်း နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၀၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၄၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | | | | |

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။
မှတ်ချက်(၁)လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)
(၂)နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။ညောင်ခြေထောက်ကျေးရွာတွင်လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် နေ့စား လုပ်အားခမှာ အမျိုးသားများအတွက်အများဆုံးလုပ်အားခ(၅၀၀ဝိ/-)နှင့် အမျိုးသမီးများ အတွက် လုပ်အားခမှာ(၃၀၀ဝိ/-)နှင့် အနည်းဆုံးခလုပ်အားခမှာအမျိုးသား(၃၀၀ဝိ/-)နှင့် အမျိုးသမီး (၂၅၀ဝိ/-)၊ပန်းရံ၊လက်သမားများ၏ဆရာအဆင့်လုပ်အားခမှာတစ်နေ့(၁၀၀၀ဝိ/-)ကျပ် နောက်လိုက် အဆင့်မှာ(၅၀၀၀/-)ရရှိနိုင်ကြသည်။အမျိုးသမီးများမှာအများဆုံး(၅၀၀ဝိ/-)နှင့်အနည်းဆုံး(၄၀၀ဝိ/) ရရှိကြပါသည်။နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရရှိကြသည်။ ဥပမာအားဖြင့် လုပ်အား သဘာဝနှင့် အင်အားစိုက်ထုတ်မှုတူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများ ထက် လုပ်အားခလျော့နည်းပြီးရကြကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား(၄)ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| လယ်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ယာမြေ/တောင်ယာမြေ | ၉၀၁.၅ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စုစုပေါင်း | ၉၀၁.၅ | ☒ |

ရင်းမြစ်...(၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂)ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃)လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊(၄)ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့်သီးစားခံယူ လုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး(သို့)မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့်မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ညောင်ခြေထောက်ကျေးရွာတွင် ယာမြေ၊ တောင်ယာမြေ စုစုပေါင်း (၉၀၁.၅) ဧက ရှိပါသည်။ ယာမြေများမှာ မိုးရေကိုအဓိကထား၍စိုက်ပျိုးကြပါသည်။ ပင်လယ်ကမ်း ၊ မြစ်ကမ်းဘေးကျေးရွာ မဟုတ်သောကြောင့် ကိုင်း၊ ကျွန်း၊ ဓနိတော မြေများမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

**ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့်အနီး ပတ်ဝန်းကျင် တွင်သဘာဝ အတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကို သာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ် ကအခြေအနေ (မှန်ရာတစ်ခုကို သာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ကျောက်မျက်စသည်။) | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ်☐ခက်☐ အသုံးမပြုနိုင်ပါ☐ | လျော့☐ တိုး☐ အပြောင်းအလဲမရှိ☐ |
| ကျောက်၊သဲ၊ကျောက်စရစ် စသည်များ | များ☐ သင့်☐ နည်း☑ မရှိ☐ | လွယ်☐ခက်☑ အသုံးမပြုနိုင်ပါ☐ | လျော့☑ တိုး☐ အပြောင်းအလဲမရှိ☐ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ☐ သင့်☐ နည်း☑ မရှိ☐ | လွယ်☐ခက်☑ အသုံးမပြုနိုင်ပါ☐ | လျော့☑ တိုး☐ အပြောင်းအလဲမရှိ☐ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ☐ သင့်☑ နည်း☐ မရှိ☐ | ☒ | လျော့☐ တိုး☑ အပြောင်းအလဲမရှိ☐ |
| ရေ-မြေပေါ်ရေ (အင်း၊အိုင်၊ ကန်၊ချောင်း၊မြစ်၊ စိမ့်စမ်း) | များ☐ သင့်☐ နည်း☑ မရှိ☐ | လွယ်☐ခက်☑ အသုံးမပြုနိုင်ပါ☐ | လျော့☑ တိုး☐ အပြောင်းအလဲမရှိ☐ |
| ရေ-မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း) | များ☐ သင့်☑ နည်း☐ မရှိ☐ | ☑ | လျော့☐ တိုး☐ အပြောင်းအလဲမရှိ☑ |
| သစ်တော-အပူပိုင်းသစ်တော | များ☐ သင့်☐ နည်း☑ မရှိ☐ | လွယ်☐ခက်☑ အသုံးမပြုနိုင်ပါ☐ | လျော့☑ တိုး☐ အပြောင်းအလဲမရှိ☐ |
| သစ်တော-ဒီရေတောများ | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ်☐ခက်☐ အသုံးမပြုနိုင်ပါ☐ | လျော့☐ တိုး☐ အပြောင်းအလဲမရှိ☐ |

ရင်းမြစ်**…**ဦးတည်အုပ်စုဆွေးနွေးခြင်း **–** ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ညောင်ခြေထောက်ကျေးရွာအနီးပတ်ဝန်းကျင်တွင်ကျောက်ကြီးရှိသောကြောင့် အသုံးပြုနိုင်ပါသည်။နွားစားဆေးဖက်ဝင်အဖြစ် မြေပဲရိုး၊ ပြောင်းရိုး၊ ရှားစောင်းလပတ်၊ နွယ်ချို၊ ဆင်တုန်းမနွယ်အပင်များ အတော်အသင့်ရှိပါကြောင်းလေ့လာတွေ့ရှိရပါသည်။

(ဃ)ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသော အိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း(သို့)မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့်ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေးလုပ်ငန်း | စီးပွား(ဝင်ငွေ) အလွန်ကောင် | စီးပွား(ဝင်ငွေ) အသင့်အတင့် | စီးပွား(ဝင်ငွေ) နည်း | စီးပွား(ဝင်ငွေ) အလွန်နည်း |
| **အိမ်ထောင်စု** | **၁၄** | **၉၂** | **၈၀** | **၁၄** |

ရင်းမြစ်...(၁)ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ညောင်ခြေထောက်ကျေးရွာသည်စိုက်ပျိုးရေးကိုအဓိကထား အသက်မွေးကြသော ကျေးရွာဖြစ်ပြီးအဆင်ပြေသောအိမ်ထောင်စု နှင့်အလယ်အလတ်ရှိသော အိမ်ထောင်စုများမှာ တောင်သူလယ်သမားကြီးများ လုပ်ကိုင်ခြင်းဖြစ်ပါသည်။မပြေလည်သောအိမ်ထောင်စုများလည်း မြေကေ အနည်းငယ်ရှိသူများနှင့် မြေယာမဲ့များ ဖြစ်သည်။ ၎င်းအိမ်ထောင်စုများလည်း တောင်သူကူလီများနှင့် ကြာပန်း လုပ်ကိုင်သူများဖြစ်သည်ကို လေ့လာတွေ့ရှိရပါသည်။

## (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာ ဖူလုံမှု

**ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|
| ၃လအောက်ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ----------------<br>အစာလျှော့စား = ----------------<br>အထောက်အပံ့ယူ = ----------------<br>ချေးယူ = ----------------<br>လုပ်အားခကြိုယူ = ---------------- |
| ၃လနှင့်၆လကြားဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ----------------<br>အစာလျှော့စား = ---------------- |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|
| | | အထောက်အပံ့ယူ = ---------------<br>ချေးယူ = ---------------<br>လုပ်အားခကြိုယူ = --------------- |
| ဖလမှ၁၂လအထိ ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ---------------<br>အစာလျှော့စား = ---------------<br>အထောက်အပံ့ယူ = ---------------<br>ချေးယူ = ---------------<br>လုပ်အားခကြိုယူ = --------------- |

ရင်းမြစ်..ဥစ္စာခနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ -

**(င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖ၄နှစ်နှင့်အထက် | - | ၄ | ၄ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့် ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၅ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၂ | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့်အိမ်ထောင်စု | - | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ညောင်ခြေထောက်ကျေးရွာတွင်မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုး ဖ၄ နှစ်အထက် မ(၄)ဦးရှိပါသည်။ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု(၅)စုနှင့် မုဆိုးဖို/တစ်ခုလပ် အိမ်ထောင်စု(၂)စုရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

(င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့် ဘေးအန္တရာယ်လျော့ချရေး အစီအမံများ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု အခြေအနေ(မှန်ရာတစ်ခုကိုသာ ရွေးရန်) | | | စွမ်းဆောင်နိုင်မှု(ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | | | | | | |
| ၂ | လျှပ်တပြက်ရေကြီးခြင်း | | | | | | |
| ၃ | မုန်တိုင်းဒီရေ | | | | | | |
| ၄ | ဆူနာမီ | | | | | | |
| ၅ | တိုင်ဖုန်းမုန်တိုင်း | | | | | | |
| ၆ | လေဆင်နှာမောင်း | | | | | | |
| ၇ | ငလျင် | | | | | | |
| ၈ | အပူလှိုင်း | √ | | | √ | | |
| ၉ | စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | | | | | | |
| ၁၀ | အအေးလှိုင်း | √ | | | √ | | |
| ၁၁ | မိုးသီးကြွေကျမှု | | | | | | |
| ၁၂ | မိုးခေါင်းခြင်း | | √ | | √ | | |
| ၁၃ | တောမီးလောင်းခြင်း | | | | | | |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | | | | | | |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | | | | | | |
| ၁၆ | မြေပြိုခြင်း | | | | | | |
| | လူကြောင့်ဖြစ်တဲ့ ဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၇ | စားနပ်ရိက္ခာမဖူလုံမှု | | | | | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု အခြေအနေ(မှန်ရာတစ်ခုကိုသာ ရွေးရန်) | | | စွမ်းဆောင်နိုင်မှု(ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| ၁၈ | သဘာဝရင်းမြစ်ရှားပါးမှု (မြေ၊ရေ) | | √ | | √ | | |
| ၁၉ | မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း | | | | | | |
| ၂၀ | သစ်တောပြုန်းတီးခြင်း | √ | | | √ | | |
| ၂၁ | ငှက်ဖျားရောဂါ | | | | | | |
| ၂၂ | တီဘီရောဂါ | √ | | | √ | | |
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | | | | | | |
| ၂၄ | ကပ်ရောဂါ | | | | | | |
| ၂၅ | ပြည်တွင်းပဋိပက္ခ | | | | | | |
| ၂၆ | တိရစ္ဆာန်ကူးစက်ရောဂါကျဆင်းမှု | √ | | | √ | | |
| ၂၇ | လူကုန်ကူးခြင်း | | | | | | |
| ၂၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည့် | | | | | | |

ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊**အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။**

**မှတ်ချက်။ ။ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ထိခိုက်မှုရှိပါက ကျေးရွာ၏မည့်သို့သော်အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။**

**(ဥမမာ။ ။အိမ်ထောင်စု(၁၀၀)တွင် (၂၅)အိမ်ထောင်စုအောက်– နိမ့်**

**အိမ်ထောင်စု(၁၀၀)တွင် (၂၅)မှ(၅၀)အိမ်ထောင်စု – လတ်**

**အိမ်ထောင်စု(၁၀၀)တွင် (၅၀)အိမ်ထောင်စုအထက် –မြင့်**

လေ့လာတွေ့ရှိချက်။ ။ညောင်ခြေထောက်ကျေးရွာတွင်စားနပ်ရိက္ခာဖူလုံမှုရှိပါသည်။ကျေးရွာ၏အနီး ပတ်ဝန်းကျင်တွင် ပင်လယ်နှင့် မြစ်များမရှိသဖြင့် ရေကြီးခြင်း၊ဆားငံရေဝင်ရောက်ခြင်း၊ မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှုနှင့် မီးဘေးအန္တရာယ်ကျရောက်မှုများမရှိပါ။ မုန်တိုင်းတိုက်ခတ်မှု မရှိဘဲ တခြားဒေသများသို့ မုန်တိုင်းတိုက်ခတ်ပါက မုန်တိုင်း၏အရှိန်ကြောင့် မိုးရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းများရှိပါသည်။ငှက်ဖျားရောဂါ၊ကိုယ်ခံအားကျဆင်းမှုရောဂါများ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

